WORLD KACHIN CONGRESS
WKC
contact@wkckachin.org

၂၀၁၉ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့။

# နိုင်ငံတကာကချင်ကွန်ဂရက် - သိက္ခာတော်ရဆရာတော် ဒေါက်တာခါလမ်ဆမ်ဆွန်အပေါ် မြန်မာ့တပ်မတော်မှ အခြေအမြစ်မရှိ စွဲချက်တင်ထားသည့်အမှုကို ချက်ချင်းရုပ်သိမ်းပေးရန်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အား "ရည်ရွယ်ချက်ရှိရှိ သတင်းအမှားပေးခဲ့သည်" ဟူသည့်စွပ်စွဲချက်ဖြင့် မြန်မာ့တပ်မတော်၏ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီးသန်းထိုက်မှ သိက္ခာတော်ရဆရာတော် ဒေါက်တာခါလမ်ဆမ်ဆွန်အား တရားစွဲဆိုမှုကို နိုင်ငံတကာကချင်ကွန်ဂရက်အနေဖြင့် အပြင်းအထန် ရှုံ့ချကန့်ကွက်ပါသည်။ ယင်းနေ့၌ သိက္ခာတော်ရဆရာတော် ဒေါက်တာခါလမ်ဆမ်ဆွန်သည် အမေရိကန်သမ္မတထရမ့်အား မြန်မာနိုင်ငံနေ ခရစ်ယာန်ဘာသာဝင်များသည် မြန်မာ့တပ်မတော်၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် ညှင်းပန်းနှိပ်စက်မှုကို ခံနေရပြီး ဘာသာရေးလွတ်လပ်ခွင့်များ ဆုံးရှုံးနေရသည်ဟု ပြောဆိုအသိပေးခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်မှစ၍ ရာနှုန်းပြည့်နီးပါး ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည့် ကချင်အရပ်သားပြည်သူပေါင်း ၁၀၀၀၀၀ ကျော်မှာ စစ်ဘေးမှတိမ်းရှောင်ရန် နေရပ်မှ အတင်းအဓမ္မစွန့်ခွာရန် ခိုင်းစေခြင်းခံခဲ့ရသလို ရာပေါင်းများစွာသည်လည်း နှိပ်စက်ညှင်းပန်းခံရခြင်းနှင့် သတ်ဖြတ်ခြင်းခံခဲ့ကြရသည့်အပြင် ကချင်ပြည်နယ်အတွင်းမှ ဘုရားရှိခိုးကျောင်းပေါင်း ၁၉၉ ခု ဖျက်ဆီးဖြိုလှဲခံခဲ့ရပြီး ခရစ်ယာန်သင်းအုပ်ဆရာပေါင်းများစွာမှာလည်း မြန်မာ့တပ်မတော်၏ မတရားဖမ်းဆီးနှိပ်စက်၍ သတ်ဖြတ်မှုကိုခံခဲ့ကြရသည်။ ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် အချို့သောကချင်များကို နှိပ်စက်ညှင်းပန်းရာ၌ ကားစင်တင်ခံရသည့်ပုံစံ အတင်းအကျပ်သရုပ်ပြစေပြီး ခရစ်ယာန်များ၏သက်ဝင်ယုံကြည်မှုကို လှောင်ပြောင်သရော်ခဲ့ကြသည်။ ကချင်အမျိုးသမီးပေါင်းများစွာသည် ဘုရားရှိခိုးကျောင်းအဆောက်အအုံများနှင့် အသင်းတော်ဝင်းများအတွင်း ဆိုးရွားစွာနှိပ်စက်ညှင်းပန်းပြီးမှ အုပ်စုလိုက်မုဒိမ်းကျင့်ကာ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ အချို့ဒေသများတွင် ဝတ်ပြုကိုးကွယ်မှုမပြုနိုင်ရန် ပိတ်ပင်ဟန့်တားခြင်းများရှိခဲ့ပြီး ဘုရားရှိခိုးကျောင်းအသစ်များ ဆောက်လုပ်ခွင့်မပေးပဲ တားမြစ်ခံထားရသည်။

ဤသို့ သမ္မတထရမ့်အား သိက္ခာတော်ရဆရာတော်မှ သက်သေခံခဲ့သည့်ကိစ္စရပ်များသည် အပြည့်အဝမှန်ကန်ကြောင်း ကမ္ဘာတစ်ဝှမ်းလုံးတွင်နေထိုင်သော ကျွန်ုပ်တို့ကချင်တစ်မျိုးသားလုံးကလည်း ထောက်ခံအတည်ပြုပါသည်။ ဆရာတော်အား ပြစ်မှုကြောင်းအရ တရားစွဲဆိုရန်အကြောင်း လုံးဝမရှိပါ။

သိက္ခာတော်ရဆရာတော် ဒေါက်တာဆမ်ဆွန်က ရှင်းလင်းတင်ပြရာ၌ တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခြားအဆင့်မြင့်အရာရှိသုံးဦးအပေါ် ပြီးခဲ့သည့်ရက်များက အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောဆိုသွားခဲ့သည်။ သိက္ခာတော်ရဒေါက်တာဆမ်ဆွန်အပေါ် အခြေအမြစ်မရှိ စွဲချက်တင်ထားမှု၏ နောက်ကွယ်တွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရှိနေကြောင်းမှာ ယုံမှားသံသယရှိစရာမလိုပေ။ တရားစွဲဆိုမှုမပြုမီ ရှေ့တစ်ရက်ဖြစ်သည့် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပျဉ်းမနားရှိ ခရစ်ယာန်နှင့် မွတ်စလင်များအား လူသိရှင်ကြား ရုတ်တရက်လာရောက်လှူဒါန်းမှုပြုခဲ့ခြင်းသည် သိက္ခာတော်ရဆရာတော် ဒေါက်တာဆမ်ဆွန်အား တရားစွဲဆိုမှုပြုရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့တပ်မတော်သည် ဘာသာရေးလွတ်လပ်ခွင့်ကို လေးစားအသိအမှတ်ပြုကြောင်း အပေါ်ယံသကာရည်လောင်းရန် ကြိုးပမ်းသည့်အနေဖြင့် အချိန်ကိုက်ဇာတ်တိုက်သရုပ်ဆောင်ခဲ့ခြင်းသာဖြစ်ကြောင်း သိသာထင်ရှားသည်။

ထို့ကြောင့် နိုင်ငံတကာ ကချင်ကွန်ဂရက်အနေဖြင့် အောက်ဖော်ပြပါအတိုင်း တောင်းဆိုလိုက်သည်။

မြန်မာ့တပ်မတော်သို့

- သိက္ခာတော်ရဆရာတော် ဒေါက်တာဆမ်ဆွန်အပေါ် စွဲချက်တင်ထားသည့် အမှုများအားလုံးကို ချက်ခြင်းရုပ်သိမ်းပေးရန်၊

- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ခြိမ်းခြောက်တရားစွဲဆိုခြင်းဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် မလိုလားအပ်သည့် တင်းမာမှုများပေါ်ပေါက်စေရန် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်နေမှုကို ရပ်တန်းကရပ်ရန်၊
- လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖိတ်ခေါ်၍ တပ်မတော်၏ မြန်မာနိုင်ငံ အတွင်း ဘာသာရေးဖိနှိပ်မှုမရှိဟု ပြောဆိုနေမှုအပေါ် အထောက်အထားပြ အတည်ပြုရန်။

NLD အစိုးရသို့

- ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် တိုင်းရင်းသားတန်းတူညီမျှရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူများကို ပံပိုး ကူညီ၍ အကာအကွယ်ပေးရန်၊
- မြန်မာ့တပ်မတော်အား အရပ်သားအစိုးရအောက်သို့ သွတ်သွင်းနိုင်မည့် လုပ်ဆောင်ချက်များကို ချက်ချင်း အကောင် အထည်ဖော်ရန်။

နိုင်ငံတကာအသိုင်းအဝိုင်းသို့

- လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် လူမဆန်သည့်ပြစ်မှုများအတွက် မြန်မာ့တပ်မတော်မှ တာဝန်ခံမှုရှိလာအောင် မြန်မာအစိုးရ အား ဖိအားပေးရန်၊
- မြန်မာနိုင်ငံသို့ လက်နက်တင်ပို့ရောင်းချမှုကို ပိတ်ပင်တားမြစ်ရန်၊
- မြန်မာနိုင်ငံအတွင်းရှိ စစ်တပ်ပိုင်စီးပွားရေးလုပ်ငန်းများအားလုံးကို ဦးတည်ပစ်မှတ်ထား၍ အရေးယူဒဏ်ခတ်ပိတ်ဆို့ရန်။

***ဆက်သွယ်ရန်***


ဦးအင်ဆန်ဂွမ်ဆန် (အမေရိက)
Mr. Nsang Gum San (USA) Phone: +1 443 415 8683
ဦးဇော်ရိန်ဖုန်ကန် (နယူးဇီလန်)
Mr. Zauring Hpunggan (New Zealand) Phone: +64 021 183 1134
ဦးမီတုံနော်ဂျာ (ချက်ရီပတ်ဘလစ်)
Mr. Myitung Naw Ja (Czech Republic) Phone: +420 604 220 209
ဦးဂျွန်လဆိုင်း (ကနေဒါ)
Mr. John La Seng (Canada) Phone: +1 416 910 8475